## Logo ပြိုင်ပွဲအတွက် ပြင်ဆင်ချက်

(၁) ယခင်သတ်မှတ်ထားသော လျှောက်လွှာတင်ရမည့်နောက်ဆုံးရက် (၁၀.၁.၂၀၁၉) ရက်နေ့အစား(၁၅.၂.၂၀၁၉) ရက်နေ့သို့ ပြောင်းလဲသတ်မှတ်ပါကြောင်း၊

(၂) ပြိုင်ပွဲဝင်၏ Logo Design နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက် ပူးတွဲပေးပို့ရမည် ဖြစ်ပါကြောင်း၊

(၃) ဆုကြေးငွေအား ယခင်သတ်မှတ်ထားသည့် ကျပ် (၁၅) သိန်းထက်ပိုသည့် ထိုက်တန်သော ဆုကို ချီးမြှင့်မည် ဖြစ်ပါကြောင်း၊

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စက်မှုဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

## "MSME Logo" ပြိုင်ပွဲဝင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ကိုယ်စားပြုသည့် MSME Logo ပြိုင်ပွဲကို အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဦးဆောင်မှုဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပဆောင်ရွက်လျက်ရှိသော ဒေသတွင်း ထုတ်ကုန်ပြိုင်ပွဲများ မှ ဆုရလုပ်ငန်းရှင်များ၏ MSME ထုတ်ကုန်များတွင် တရားဝင်အသုံးပြုမည့် အသိအမှတ်ပြု အမှတ်တံဆိပ် (Logo) ကို ရွေးချယ်မည့် " MSMEs Logo " ပြိုင်ပွဲကို စိတ်ပါဝင်စားသူ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

၂။ လျှောက်လွှာများကို ပေးသွင်းရမည့်အစီအစဉ်

| | | |
|---|---|---|
| (က) | လျှောက်လွှာလက်ခံမည့်နောက်ဆုံး နေ့ရက်နှင့်အချိန် | - ၁၅.၂.၂၀၁၉ ရက် နံနက် (၀၉:၃၀) နာရီ မှ ညနေ (၀၄:၃၀) နာရီ အထိ |

(သတ်မှတ်ချိန်ထက်နောက်ကျပေးပို့သည့်ပြိုင်ပွဲဝင်လျှောက်လွှာများသည် အကျုံးမဝင်ပါ)

| | | |
|---|---|---|
| (ခ) | ပြိုင်ပွဲကျင်းပမည့်နေ့ရက်နှင့် အချိန် | - ပြိုင်ပွဲဝင်ခွင့် ရသူများစာရင်း နှင့် ပြိုင်ပွဲ ကျင်းပမည့် နေ့ရက်ကို ထပ်မံကြေညာပါမည်။ |
| (ဂ) | ပြိုင်ပွဲကျင်းပမည့်နေရာ | - SME Center ၊ အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့်မင်းခမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ |
| (ဃ) | လျှောက်လွှာတင်သွင်းရမည့် လိပ်စာ | - MSMEs Logo ပြိုင်ပွဲကျင်းပရေးဘုတ်အဖွဲ့ ရုံးအမှတ်(၄၁)၊ ဇေယျာဌာနီလမ်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊နေပြည်တော်။ ဖုန်း- ၀၆၇ -၃၄၀၈၁၂၈ ၊ ၀၆၇ -၃၄၀၈၀၆၅ ဖက်စ်- ၀၆၇ -၃၄၀၈၁၂၈ smeagencymm@gmail.com, disi@e.industry.gov.mm |

၃။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ် (၄၁)၊ မူဝါဒနှင့်ပြည်ပရေးရာဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး www.myanmarsmegov.mm,www.industry.gov.mm, www.disi.gov.mm နှင့် https://m.facebook.com တို့ တွင်လည်း download ရယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇ -၃၄၀၈၁၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ အမည်၊ဆက်သွယ်ရန်လိပ်စာ၊အီးမေးလ်နှင့်ဖုန်းနံပါတ်တို့ကို လျှောက်လွှာပုံစံ၌ ပြည့်စုံစွာ ဖြည့်စွက်၍ ပြိုင်ပွဲဝင်မည့် Logo (soft copy / hard copy) နှင့်အတူ အထက်ပါ လိပ်စာသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက်၊ ညနေ(၀၄:၃၀)နာရီ နောက်ဆုံးထား၍ မှကြိမ်း ပေးပို့ရပါမည်။

၅။ ပြိုင်ပွဲဝင်ခွင့်ရမည့်သူများ စာရင်းနှင့် ပြိုင်ပွဲ ကျင်းပပြုလုပ်မည့်ရက်ကို www.myanmarsmegov.mm, www.industry.gov.mm,www.disi.gov.mm နှင့် https://www.facebook.com/ SME-Development-Department-Ministry-of-Industry-Myanmar တို့တွင် ကြေညာပေးမည် ဖြစ်ပါသည်။

# "MSME Logo" ပြိုင်ပွဲလျှောက်လွှာပုံစံ

(MSME Logo ပြိုင်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်)

ဓါတ်ပုံ

| | | | |
|---|---|---|---|
| ၁။ | အမည် | - | --------------------------- |
| ၂။ | အဖအမည် | - | --------------------------- |
| ၃။ | နိုင်ငံသားစိစစ်ရေးကတ်အမှတ်/<br>အမျိုးသားမှတ်ပုံတင်အမှတ်/<br>Passport No.<br>(မိတ္တူပူးတွဲရမည်) | - | --------------------------- |
| ၄။ | အလုပ်အကိုင် | - | --------------------------- |
| ၅။ | ဆက်သွယ်ရန်လိပ်စာ | - | ---------------------------<br>--------------------------- |
| ၆။ | ဖုန်းနံပါတ် | - | --------------------------- |
| ၇။ | အီးမေးလ် | - | --------------------------- |

**(လျှောက်ထားသူ၏ ထိုးမြဲလက်မှတ်)**

# "MSME Logo" ပြိုင်ပွဲ သတ်မှတ်ချက်များ

## ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းထုတ်ကုန်ပြိုင်ပွဲများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပဆောင်ရွက်လျက်ရှိပြီး ပြိုင်ပွဲမှဆုရလုပ်ငန်းရှင်များ၏ထုတ်ကုန်များတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအသိအမှတ်ပြုအမှတ်တံဆိပ်(Logo) အသုံးပြုခွင့်ပေးမည်ဖြစ်သည်။ MSME Logo ပြိုင်ပွဲ ကျင်းပခြင်းဖြင့် အကောင်းဆုံးအသိအမှတ်ပြု Logo ကို ရွေးချယ်နိုင်ပြီး ဆုရရှိသော MSME Product များတွင် အသုံးပြုခွင့်ပေးခြင်းဖြင့် စားသုံးသူများ၏ ယုံကြည်မှုပိုမိုရရှိပြီး ဈေးကွက်ချဲ့ထွင်ရေးကို အထောက်အကူပြုရန်ရည်ရွယ်ပါသည်။

## ပြိုင်ပွဲဝင်အသိအမှတ်ပြု Logo ၏ အဆင့်အတန်း

- မြန်မာနိုင်ငံကို ကိုယ်စားပြုသည့် Logo ဖြစ်ခြင်း၊
- မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် MSME လုပ်ငန်းများ အရေးပါမှု/ အရေးကြီးမှုသရုပ်သဏ္ဍာန်များပါဝင်ခြင်း၊
- မိမိကိုယ်တိုင် အသစ်တီထွင် ဖန်တီးပုံဖော်ထားသောဒီဇိုင်းဖြစ်ခြင်း(ရှိပြီး Logo ဒီဇိုင်းလုံးဝမဖြစ်ရပါ။)(Logo ဒီဇိုင်းအား စာသားသီးသန့်ဖြင့်သာ ပုံဖော်ထားခြင်း မဖြစ်ရပါ။)
- နိုင်ငံတကာအဖွဲ့အစည်းများတွင် အသုံးပြုလျှက်ရှိသော Logo များကဲ့သို့ နိုင်ငံတကာအဆင့်မီခြင်း၊
- အရောင်အသွေးညီညွတ်မှုရှိခြင်းနှင့်ဆွဲဆောင်မှုရှိခြင်း၊
- ပြိုင်ပွဲဝင် Logo ဒီဇိုင်းတွင်အသုံးပြုထားသော အရောင် (Colour)၊ သင်္ကေတ၊ ရုပ်ပုံ၊ အမှတ်အသား အားလုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ပြည့်စုံစွာ ရှင်းလင်း မိတ်ဆက်နိုင်ခြင်း။

## ဆုချီးမြှင့်ခြင်း နှင့် ရွေးချယ်ခြင်း

ဆုရွေးချယ်ရေးဘုတ်အဖွဲ့မှ ပြိုင်ပွဲဝင်အရေအတွက်ပေါ်မူတည်၍ ပဏာမစစ်ဆေးပြီး ဆက်လက်ပြိုင်ပွဲဝင်နိုင်မည့် ပြိုင်ပွဲဝင်များအား ရွေးချယ်မည်ဖြစ်သည်။ ဆုရွေးချယ်ရေးဘုတ်အဖွဲ့မှ ပြိုင်ပွဲဝင်ရွေးချယ်ခံရသည့်အကောင်းဆုံး Logo အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီမှ ထိုက်တန်စွာဆုချီးမြှင့်မည် ဖြစ်ပါသည်။

## ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ

- ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

- ပြိုင်ပွဲဝင်တစ်ဦးလျှင် Logo ပုံစံအများဆုံး (၂)မျိုး အထိ ပေးပို့နိုင်ပါသည်။
- JPEG (သို့) PNG Format ဖြင့်ပေးပို့ရပါမည်။ (ဆုရွေးချယ်ချီးမြှင့်ခံရသည့်အခါ ဆုရLogo ကို AI Format ဖြင့်ပေးပို့ရမည်ဖြစ်ပါသည်။)
- ပြိုင်ပွဲဝင်၏ Logo Design နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက် တပါတည်း ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။
- ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်များသည် Logo ဒီဇိုင်းကို Powerpoint ဖြင့် ရှင်းလင်းတင်ပြယှဉ်ပြိုင်ရမည်။
- Logo ဒီဇိုင်း သည် အရွယ်အစား ကြီးသည်ဖြစ်စေ၊ သေးငယ်သည် ဖြစ်စေ ပေါ်လွင်သော Logo ဒီဇိုင်း ဖြစ်ရမည်။
- ပြိုင်ပွဲကျင်းပရေးဘုတ်အဖွဲ့က အကောင်းဆုံး Logo ဒီဇိုင်းတစ်ခုနှင့် နှစ်သိမ့်ဆုများကို ရွေးချယ်ဆုချီးမြှင့်မည် ဖြစ်သည်။
- ဆုချီးမြှင့်ရွေးချယ်ခံထားရသည့် Logo ဒီဇိုင်းကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက မူပိုင်ခွင့်ရယူမည် ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ အဖွဲ့အစည်းများမှ လိုအပ်သလိုအသုံးပြုခွင့်ရှိသည်။
- မူပိုင်ခွင့်ရယူပြီးနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဆုံးဖြတ်ချက်ဖြင့် Logo ဒီဇိုင်း၏ အရောင်ကို ဖြစ်စေ၊ အရွယ်အစားကိုဖြစ်စေ လိုအပ်သလို ပြုပြင်ပြောင်းလဲ အသုံးပြုမည်ဖြစ်သည်။